# နှစ်သိမ့်ခွန်အားပေးသနား၊ နှုတ်ကပတ်သမ္မာတရား

## ၂၀၀၉ ခုသမ္မာကျမ်းစာနေ့ဒေသနာတော်

**သာသာနာပိုင်ချုပ်စတီဗင်သန်းမြင့်ဦး**
**(မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်)**

အခြေပြုကျမ်းချက်။ ဟေဗြဲ၊ ၄၀း၃၁။ ဆာလံ၊ ၁၁၉း၁၆၅။ ယောဟန်၊ ၁၄း၁၆။ ဖိလိပ္ပိ၊ ၄း၁၃။

**နိဒါန်း။**

တခါတရံအသက်တာ၌ 'နှစ်သိမ့်ခြင်းနှင့်ခွန်အားသည် မည်သည့်နေရာမှလာမည်နည်း၊ မည်သူထံမှရပြီး၊ မည်သို့ရှာဖွေရမည်နည်း'ဟုမေးခွန်း ထုတ်မိတတ်ကြသည်။ ထိုသို့အတွင်းစိတ်မှမေးခွန်းများအတွက် ကျေနပ်မှုပေးသည့်အဖြေကို နှုတ်ကပတ်တော်မှသာရရှိနိုင်မည်ဖြစ်ပါသည်။ အကြောင်းမှာဘုရား၏ နှုတ်ကပတ်တော်၌သာဘုရား၏စိတ်သဘောတော်အားဖော်ပြပေးနေသောကြောင့်ဖြစ်ပါသည်။ ဘုရား၏ နှုတ်ကပတ်တော်သည် လူတို့၏ဆင်ခြင်တုံတရား၊ ယုတ္တိဗေဒနှင့်ရှာဖွေတွေ့ရှိခြင်းများအပေါ် အခြေမခံ ထားဘဲ၊ ဘုရား၏စိတ်နှလုံးတော်မှမွေးဖွားထွက်ရှိလာသည့် အချိန်ကာလဘောင်အပြင်မှသမ္မာတရား ပေါ်တွင်မူတည်နေခြင်းကြောင့် ဖြစ်ပါသည်။ ကျွန်ုပ်တို့၏နေ့စဉ်အသက်တာအခန်းကဏ္ဍတိုင်းအတွက် နှစ် သိမ့်မှုနှင့်ခွန်အားအရင်းအမြစ်သည် ဘုရားသခင်၏နှုတ်ကပတ်တော် (ကျမ်းစာ) မှသာလာကြောင်း သိထားသင့်ပေသည်။

**<u>ဒေသနာတော်။</u>**

ဘုရားသခင်၏နှုတ်ကပတ်တော်မြတ်အား လူတော်တော်များများမဖတ် သည့်အကြောင်းတရားများစွာ ရှိနိုင်ပါသည်။ ထိုအထဲမှတစ်ခုသော အကြောင်းတရားမှာ နှုတ်ကပတ်တော်အားနားမလည်၍ (သို့) မယုံကြည်၍ပင်ဖြစ်ပါသည်။ လူအချို့၏ခံယူမှုမှာနှုတ်ကပတ်ကျမ်းစာသည်လူတချို့မှ ရေးသားစုစည်း ထားခြင်းဖြစ်၍ အခြားစာအုပ်စာပေမျိုးကဲ့သို့ပင်ဖြစ်သည်ဟူ၍ဖြစ်ပါသည်။ နှုတ်ကပတ်တော်အား ဘုရားမှမှုတ်သွင်းပေးထားသည့် တန်ဖိုးကြီးစာအုပ်အဖြစ် မယုံကြည်ကြခြင်းလည်းဖြစ်ပါသည်။ ထိုသို့ခံ ယူရသည့်အကြောင်းရင်းတခုမှာ ကျမ်းစာ၏မူလစာရေးဆရာအားမသိကြခြင်းကြောင့်ပင်ဖြစ်ပါသည်။ ထိုမူလစာရေးသူအားသိသည်နှင့်တပြိုင်နက် ထိုကျမ်းစာအုပ်အပေါ်ထားရှိသည့်သဘောထားများလည်း ပြောင်းလဲသွားမည်ဖြစ်ပါသည်။

**<u>တိမောသေသြဝါဒစာ၊ ၂း၁၆-၁၇</u> ၌ 'ထိုကျမ်းစာရှိသမျှသည်ဘုရားသခင်မှုတ်သွင်းတော်မူသော အားဖြင့်ဖြစ်၍ ဘုရားသခင်၏လူသည်စုံလင်သောသူ ကောင်းသောအမှုအမျိုးမျိုးတို့ကိုပြုစုခြင်း အလို့ငှာ ပြင်ဆင်သောသူဖြစ်မည်အကြောင်း သြဝါဒပေးခြင်း၊ အပြစ်ကိုဖော်ပြခြင်း၊ တရားကို**

**သွန်သင်ခြင်းကျေးဇူးများကိုပြုတတ်၏**’ဟုဖော်ပြထားပါသည်။ သဘောမှာဘုရားကိုယ်တော်တိုင်သည် မူလစာရေးဆရာဖြစ်ပါသည်။

အချို့ခရစ်ယာန်များက ‘ငါတို့ကဓမ္မသစ်ခရစ်ယာန်တွေ’ ဟုပြောတတ်ကြပါသည်။ ထိုသို့ပြော၍ ဓမ္မဟောင်းကျမ်းသည် ဘုရားသခင်မှုတ်သွင်းခြင်းမခံရ (သို့) အရေးမကြီးဟုမဆိုနိုင်ပါ။ ဓမ္မဟောင်း၌ ဖော်ပြထားသည့်သမ္မာတရားစည်းမျဉ်းများသည် ဓမ္မသစ်၌ကျွန်ုပ်တို့အတွက်ဖော်ပြထားသည့် ဓမ္မတရားစည်းမျဉ်းများကဲ့သို့ပင်အရေးပါပြီး၊ နေ့စဉ်ဆက်စပ်အသက်ရှင်ရမည့် စည်းမျဉ်းများဖြစ်ပါသည်။ ထို့ကြောင့် ဓမ္မဟောင်းကျမ်းသည်လည်း ဓမ္မသစ်ကျမ်းကဲ့သို့ပင် ယုံကြည်သူတို့အတွက် အရေးပါသည့်ကျမ်းများပင်ဖြစ်ပါသည်။

ထို့ကြောင့် ဘုရားသခင်၏နှုတ်ကပတ်တော်(ကျမ်းစာ)သည် ကျွန်ုပ်တို့ နေ့စဉ်လေ့လာသင်ယူနေသည့် ‘ဝိညာဉ်ရေးရာပြဌာန်းစာအုပ်’ပင်ဖြစ်ပါသည်။ ‘ပြဌာန်းစာအုပ်’ ဟူသည်မှာ ကျွန်ုပ်တို့အပျင်းပြေဖတ်မည့် စာအုပ်စာပေမျိုးမဟုတ်ပေ။ ပြဌာန်းစာအုပ်သည် ကျွန်ုပ်တို့သင်ယူလေ့လာ ဖတ်ရွတ်နှလုံးသွင်းဆင်ခြင်ဆက်စပ်အသက်ရှင်ရမည့် စာအုပ်ဖြစ်ပါသည်။ ထိုနှုတ်ကပတ်တော် ပြဌာန်းစာအုပ်ပါဖော်ပြချက်များအား ကျွန်ုပ်တို့၏အသက်တာ၌နှလုံးသွင်းဆင်ခြင်ပြီး၊ ကျွန်ုပ်တို့၏အသက်တာ၌ တစ်စိပ်တစ်ဒေသပါဝင်စေခြင်းဖြင့် ကျွန်ုပ်တို့အားလမ်းညွှန်၊ ကွယ်ကာ၊ မစပြီးဒုက္ခ အခက်အခဲများကြား၌ နှစ်သိမ့်မှုနှင့်ခွန်အားပေးရန်အသုံးပြုသည့် စာအုပ်ဖြစ်ပါသည်။ သို့ဖြစ်၍ နှုတ်ကပတ်တော်အား ကျွန်ုပ်တို့အသက်တာ၌ရင်ဆိုင်ကြုံတွေ့ရမည့်ဒုက္ခအခက်အခဲပြဿနာများ၊ စုံစမ်းခြင်းနှင့်ရင်လေးဖွယ်ရာများ၊ ပျော်ရွှင်ခြင်းနှင့်ငြိမ်သက်ဝမ်းမြောက်မှုများအားရင်ဆိုင်နိုင်ရန် ခွန်အားနှင့် နှစ်သိမ့်ခြင်းများရရှိမည်ဖြစ်ပါသည်။

<u>ဟေရှာယအနာဂတ္တိကျမ်း၊ ၄၀း၃၁</u> ၌ ‘**ထာဝရဘုရားကိုမြော်လင့်သော သူတို့မူကား၊ အားပြည့်ကြလိမ့်မည်။ ရွှေလင်းယုန်ကဲ့သို့မိမိတို့အတောင်ကို အသစ်ပြုပြင်ကြလိမ့်မည်။ ပြေးသော်လည်း မပင်ပန်း။ ခရီးသွားသောအခါမမောရကြ။**’ဟုဖော်ပြထားပါသည်။ ဤကျမ်းပိုဒ်၏အစပိုင်းအားကြည့်မည်ဆိုပါက ဘုရားသခင်သည်မိမိ၏လူမျိုးတော်များ၏အပြစ်များကိုဖြေလွှတ်ပြီး ကျွန်ခံရာဗါဗုလုံမှပြန်၍ရွေးနှုတ်ခေါ်ဆောင်လာမည့်ကတိတော်အား ဖော်ပြထားသည်ကိုတွေ့ရပေမည်။ အစ္စရေးလူမျိုးများအနေဖြင့် မိမိတို့ပြုခဲ့မိသည့်အတိုင်း အပြစ်များကြောင့်စိတ်ပျက်ပြီး၊ မြော်လင့်ခြင်းကုန်ဆုံးနေချိန်၌ ဘုရားသခင်၏ နှုတ်ကပတ်တော်မှ မိမိတို့အားဘုရားမှပြန်၍ခွင့်လွှတ်ပြီး၊ တည်ဆောက်ကောင်းကြီးပေးမည်ဟူသော ကတိတော်အားပေးခဲ့ပါသည်။ အစ္စရေးလူမျိုးတော်များ မည်သို့နှစ်သိမ့်ခြင်းခံခဲ့ရပါသနည်း။ ဘုရားသခင်၏ ပရောဖက်ဟေရှာယအားဖြင့်ဖော်ပြသည့် ဘုရားသခင်၏နှုတ်ကပတ်တော်မှခံယူရရှိခြင်းဖြစ်ပါသည်။ဘုရားသခင်အားမြော်လင့်ပြီး အသက်ရှင်မည်ဆိုပါက၊ မိမိတို့သည်ခွန်အားကြီးမည့်အကြောင်းကိုလည်း ကတိပြုထားခဲ့ပါသည်။ ထို့ကြောင့်ထိုအမှုကိစ္စများအတွက် မြော်လင့်ဖွယ်ရာနှစ်သိမ့်ခြင်းနှင့်ခွန်အားသည် ဘုရားသခင်၏နှုတ်ကပတ်တော်အပေါ်၌သာမြော်လင့်စရာရှိခဲ့ပါသည်။

**<u>ဆာလံ၊ ၁၁၉း၁၆၅</u> ၌ 'တရားတော်ကို နှစ်သက်သောသူတို့၌ ကြီးစွာသော ငြိမ်ဝပ်ခြင်းရှိပါ၏။ သူတို့စိတ်ပျက်စရာအကြောင်းမရှိပါ။'** ဟုဖော်ပြထားပါသည်။ ဤနေရာတွင်ဆာလံဆရာမှ ဘုရားသခင်၏နှုတ်ကပတ်တော်သွန်သင်မှုအား ချစ်မြတ်နိုးသူတိုင်း၌ငြိမ်သက်ခြင်းရရှိမည်ဖြစ်ပြီး ထိုငြိမ်သက်ခြင်းအားမည်သူကမျှ မနှုတ်ယူနိုင်ကြောင်းဖော်ပြနေခြင်းဖြစ်ပါသည်။ သို့ဖြစ်၍ကျွန်ုပ်တို့အနေဖြင့် ရွေးချယ်မှုပြုကြရမည်ဖြစ်ပါသည်။ အကယ်၍ ကျွန်ုပ်တို့အနေဖြင့် ရုပ်မြင်သံကြားစက်ရှေ့၌သာထိုင်၍ လောက၏အမြင်များအား ရှုမြင်အာရုံစိုက်ပြီး ဘုရား၏နှုတ်ကပတ်တော်နည်းလမ်းများအား ဥပက္ခာပြုနေမည်ဆိုပါက ဘုရားပေးမည့် နှစ်သိမ့်မှု (ငြိမ်သက်ခြင်း) နှင့် ခွန်အားများရရှိနိုင်မည်မဟုတ်ပေ။ သို့သော် ကျွန်ုပ်တို့သည် ဘုရားသခင်၏နှုတ်ကပတ်တော်အားချစ်မြတ်နိုးပြီး ဖတ်ရွတ်အာရုံကမ္မဋ္ဌာန်းပြုနေမည်ဆိုပါက ဘုရား၏ဉာဏ်ပညာတော်အားသိမြင်လာပြီး၊ ဘုရား၏အလိုတော်အားသိလာ၍ နှစ်သိမ့်မှုနှင့်ခွန်အားများရလာမည်ဖြစ်ပါသည်။

ဤနေရာတွင်မေးလိုသည့်မေးခွန်းမှာ 'ဘုရား၏အလိုတော်အား ကျွန်ုပ်တို့မည်သို့သိရှိနိုင်မည်နည်း' ဟူသောမေးခွန်းဖြစ်ပါသည်။ ထိုမေးခွန်းအတွက် အဖြေမှာလည်းလွယ်ကူရှင်းလင်းလှပါသည်။ **ရှင်ယောဟန်၊ ၁၄း၁၆ ၌ 'သခင်ယေရှုက ငါသည်ခမည်းတော်ကိုတောင်း၍၊ ခမည်းတော်သည် သမ္မာတရားကိုပြသောဝိညာဉ်တော်တည်းဟူသောတစ်ပါးသောဥပဇ္ဈာယ်ဆရာကိုသင်တို့နှင့်အတူ အစဉ်မပြတ်တည်နေစေခြင်းငှာ၊ သင်တို့အားပေးတော်မူမည်။'** ဟုပြောထားပါသည်။ သခင်ယေရှုအနေဖြင့်မိမိ မကြာမီသွားရတော့မည် အကြောင်းပြောပြ၍၊ တပည့်တော်များ စိတ်လှုပ်ရှားရှုပ်ထွေးနေမည်ကိုသိရှိခဲ့ပါသည်။ ထို့ကြောင့်မိမိမရှိပါက အဘခမည်းတော်မှသန့်ရှင်းသောဝိညာဉ်တော်စေလွှတ်ပေးမည့်အကြောင်းပြောပြပြီး၊ တပည့်တော်များအား နှစ်သိမ့်မှုပေးခဲ့ပါသည်။ ထိုကတိတော်သည် ထိုအချိန်က တပည့်တော်များအတွက်သာမဟုတ်ပါ။ ယနေ့ခေတ် ကျွန်ုပ်တို့အတွက်လည်းဖြစ်ပါသည်။ ယုံကြည်သူတိုင်းအား အဘခမည်းတော်မှ သန့်ရှင်းသောဝိညာဉ်တော်ပေးခဲ့ပြီး လမ်းညွှန်မစစေပါသည်။ ကျွန်ုပ်တို့၏တာဝန်မှာ ထိုဝိညာဉ်တော်၏ သွန်သင်မှုအားနာခံရန်ပင်ဖြစ်ပါသည်။ ကျွန်ုပ်တို့အနေဖြင့် မနာခံဘဲငြင်းဆန်ပါက၊ ကျွန်ုပ်တို့၏ ဝိညာဉ်ရေးရာရှင်သန်မှု ရပ်တန့်ယုတ်လျော့သွားမည်သာဖြစ်သည်။ သို့သော် ကျွန်ုပ်တို့သည် ဘုရားသခင်၏ ဝိညာဉ်တော်သွန်သင်မှုအပေါ် 'ဟုတ်ကဲ့' ဟုနာခံပါက ဘုရားသခင်၏နှုတ်ကပတ်တော်အားဖြင့်နှစ်သိမ့်မှုနှင့်ခွန်အားကိုရရှိမည်ဖြစ်ပါသည်။

ထိုနည်းလမ်းဖြင့် တမန်တော်ရှင်ပေါလုသည် ခွန်အားနှင့်နှစ်သိမ့်ခြင်း ခံယူ ရရှိခဲ့၍ <u>ဖိလိပ္ပိ ၄း၁၃</u>၌ **'ငါ့ကိုခွန်အားနှင့်ပြည့်စုံစေတော်မူသောခရစ်တော်အားဖြင့် ခပ်သိမ်းသောအမှုတို့ကိုငါတတ်စွမ်းနိုင်၏'** ဟုဝန်ခံခဲ့ပါသည်။ ဤနေရာတွင် ရှင်ပေါလုအနေဖြင့်မိမိလုပ်နိုင်စွမ်းကို ဘုရားနှင့်အတွင်းကျကျမိတ်ဖွဲ့ခြင်းနှင့်ခွဲခြားမထားခဲ့ပေ။ ရှင်ပေါလုအနေဖြင့် မိမိလုပ်နိုင်၊ ပြောနိုင်၊ သီဆိုချီးမွမ်းနိုင်သမျှတို့သည် ဘုရားထံတော်မှရရှိသောခွန်အားကြောင့်သာ ဖြစ်ကြောင်းဖော်ပြနေခြင်းဖြစ်သည်။ ထိုသို့သောစိတ်ချမှုအားကျွန်ုပ်တို့အသက်တာ၌မည်သို့တိုးပွားရန်လုပ်ဆောင်ရမည်နည်းဟူသော မေးခွန်း၏တခုတည်းသော

အဖြေမှာ ဘုရားသခင်၏နှုတ်ကပတ်တော်အား ဖတ်ရွတ်နှလုံးသွင်းအာရုံကမ္မဋ္ဌာန်းရှုခြင်းဖြင့် ဘုရားနှင့်အတွင်းကျကျမိတ်ဖွဲ့ခြင်းသာလျှင်ဖြစ်ပါသည်။

**နိဂုံး။**

ယနေ့ကျွန်ုပ်တို့အတော်များများ၌ ဘုရားသခင်၏နှုတ်ကပတ်တော် (ကျမ်းစာ) ရှိနေကြပါသည်။ သို့သော် 'ထိုကျမ်းစာ၏မူရင်းစာရေးဆရာသည်ဘုရားဖြစ်ကြောင်းအမှန်ယုံကြည်ကြပါ၏လော၊ သန့်ရှင်းသော ဝိညာဉ်တော်သည် ကျွန်ုပ်တို့အားနှစ်သိမ့်စေသူနှင့်လမ်းညွှန်မစသည့် ဆရာအဖြစ်ယုံကြည်ပါ၏လော' ဟုမေးလိုပါသည်။ 'ဘုရားသခင်၏နှုတ်ကပတ်တော်သည် ကျွန်ုပ်တို့အတွက် နှစ်သိမ့်ခြင်းနှင့်ခွန်အား၏အရင်းမူလဖြစ်ကြောင်းကိုလည်း အမှန်တကယ်ယုံကြည်ပါ၏လော။' ကျွန်ုပ်တို့အသက်တာအတွင်းတည်ရှိပြီး၊ ကျွန်ုပ်တို့မည်သို့သောအခြေအနေတွင် ရင်ဆိုင်နေရစေပါမူ၊ အောင်မြင်စွာကျော်လွှားနိုင်ရန် ကတိပြုထားသည့်ဘုရားသခင်ရှိနေပါသည်။ ထိုဘုရား၏နှုတ်ကပတ်တော်သည် အခက်အခဲ ဟူသမျှအားရင်ဆိုင်ရန်နှင့်ဆက်၍ ရပ်တည်အသက်ရှင်ခွန်အားပေးနေမည်ဖြစ်ပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့၏အသက်တာ၌နှစ်သိမ့်ခွန်အားပေးသနားနေမည့်နှုတ်ကပတ်တော်သမ္မာတရားအပေါ်ဆက်၍အာရုံပြုအသက်ရှင်သွားကြပါစို့။

**အပိတ်ဆုတောင်းချက်။**

**ကျွန်တော်တို့ပညာတတ်မြောက်ခြင်းအလို့ငှာ သမ္မာကျမ်းစာတော်ကိုရေး သားစေတော်မူသော မြတ်စွာဘုရား၊ ကျေးဇူးတော်ကြောင့်တည်ကြည်၍ နှုတ်ကပတ်တော်ကြောင့်နှစ်သိမ့်ခြင်းခံရလျက် အရှင်ယေရှုခရစ်သနားတော်မူသော ထာဝရအသက်ကို ကျွန်တော်တို့မြော်လင့်စွဲလမ်းရအံ့သောငှာကျမ်းဂန်တော်ကိုသင်ကြားဖတ်ရွတ်မှတ်သားလေ့ကျက်၍ နှလုံးသွင်းကြစေရန်မစသနားတော်မူပါဘုရား။ အာမင်။**